# နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အဖွဲ့ဝင်ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြန်လည်သုံးသပ်ချက်များအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက် သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတိုးမြှင့်ပေးရန်လျာထားသူများအား ယင်းအဆင့်နှင့် လျော်ညီစွာစီမံခန့်ခွဲအုပ်ချုပ်နိုင်သည့် အရည်အသွေးများရှိစေရန်အတွက် အခြားသောဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ရန် လိုအပ်မည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်လိုခြင်းဖြစ်ကြောင်း။

ဤဥပဒေကိုပြဋ္ဌာန်းနိုင်ခြင်းဖြင့် ရေရှည်အားဖြင့် ဝန်ထမ်းအဖွဲ့အစည်းတွင် အကျိုးရှိမည်ဖြစ်ပြီး တည်ငြိမ်သည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် သင်တန်းနှင့်ရာထူးတိုးမြှင့်ခြင်းကို ဆက်စပ်ပေးထားခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) သည် နိုင်ငံတော်အတွက် ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝါးခယ်မမြို့နယ် ရွှေလောင်းအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ သင်ကြားရေးဆိုင်ရာများနှင့် စီမံမှုဆိုင်ရာများ အရည်အသွေးတိုးတက်ကောင်းမွန်စေရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝါးခယ်မမြို့နယ် ငှက်ပျောစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျုံမငေးမြို့ စက်ရုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျုံမငေးမြို့ အခြေခံပညာအထက်တန်းကျောင်း၊ လမ်းသမိုင်ရွာလေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဝါးခယ်မမြို့နယ် တိုးချဲ့မြို့သစ်သံကြိုးတိုင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဝါးခယ်မမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် သင်ကြား၊ သင်ယူနေမှုအခြေအနေများ၊ ကျောင်းနှင့် ဝန်းကျင် ဥပဓိရုပ် ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သိပ္ပံလက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေး၍ စာသင်ခန်းအတွင်း ကျောင်းသား၊ ကျောင်းသူများနှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားတတ်မြောက်မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ဓာတ်အားထုတ်ပစ္စည်းများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် ပြုပြင်နေမှု ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည်ကယားပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးစောဟူးဟူးနှင့်အတူ နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သည့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်းရှိရုံးနှင့် ဝန်ထမ်းအိမ်ရာများပြုပြင်ရန်လိုအပ်မှုနှင့် ၃၃ ကေဗွီ ရွာတန်းရှည်ဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် ဆွိုယာဒ်အတွင်းရှိ ထရန်စဖော်မာများ၊ ဓာတ်အားလွှတ်ပစ္စည်းများနှင့် ကေဘယ်ဝိုင်ယာကြိုးများ ဖျက်ဆီးခိုးယူခံခဲ့ရမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကာ ဆွိုယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိ၍ဆွိုယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများထိခိုက်ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီး၍ ဓာတ်အားပြန်လည်လက်ခံပို့လွှတ်နိုင်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လောပိတရှိဘီလူးချောင်းဓာတ်အားပေးစက်ရုံသို့ သွယ်တန်းထားသည့် ရေသွယ်မြောင်းအား ရေနည်းရာသီတွင် ပြန်လည်ပြင်ဆင်ရေး၊ တောင်ကျရေများ ဓာတ်အားပေးစက်ရုံသို့ စီးဆင်းဝင်ရောက်မှု မဖြစ်ပေါ်စေရေး ယာယီရေထိန်းတမံ ပြုလုပ်ပြီး ရေလမ်းကြောင်းလွှဲထားမှုအား ဆက်လက်လုပ်ဆောင်သွားရမည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမှတ်(၂) ဘီလူးချောင်းဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း တောင်ကျရေစီးဆင်းဝင်ရောက်မှုများကြောင့် ဓာတ်အားပေးစက်များ၊ ဆွိုယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများနှင့် လျှပ်စစ်တာဝါတိုင်များ ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေနှင့် ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများနှင့် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး မှာကြားခဲ့ကာ စက်ရုံဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)



## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အေးချမ်းစွာပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် ၆-၁၁-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်းနဲ့ပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သဇင် (FM) အသံလွှင့်အစီအစဉ်**

၆-၁၁-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

တင်ပြရလျှင် ဘွဲ့ရဆရာဟူသည် တစ်ဦးတလေမျှပင်မရှိသော မထင်မရှားကျေးရွာလေးတစ်ရွာ၏ တွဲဖက်အလယ်တန်းကျောင်းက ၈ တန်းကျောင်းသူ၊ ကျောင်းသားသုံးဦးသည် ကိုးတန်း၊ ၁၀ တန်းတည်းဟူသော အထက်တန်းအဆင့် ကျောင်းသားများနှင့် ယှဉ်ပြိုင်သည့်အချိန်တွင် တစ်ယောက် ပထမ၊ နောက်တစ်ယောက်က တတိယဆိုသည်မှာ သာမန် အောင်မြင်မှုမျိုးမဟုတ်ဘဲ ထူးချွန်ထူးခြားသော အောင်မြင်မှုဟု ပြောကြားလိုက်ပါရစေ။

ဤသို့ အောင်မြင်ခြင်း၏ အနှစ်အရသာကို ဆန်းစစ်ကြည့်လျှင် သရက်တောင်ရွာ၌ "အားသစ်လူငယ်"မည်သော စာကြည့်တိုက်ရှိခြင်းနှင့်"စာတွေဖတ်ပါ၊ လေ့လာပါ"ဟု တိုက်တွန်းအားပေးလေ့ရှိသော ဆရာသမား၏ ကောင်းသောလမ်းညွှန်မှုဟုဆိုကမှားအံ့မထင်မိပေ။

● ● ● ● ● ● ●

အထက်ကျွန်းစဉ်နယ်တွင် ကမ်းထောင်းကြီးရဲစခန်းရှိ၍ အစိုးရက အညိုရောင်နယ်မြေအဖြစ်သတ်မှတ်ထားသည်။ သို့ဖြစ်၍ ဗကပတို့မှာ ကိစ္စကြီးငယ်ရှိလျှင် နေ့အချိန်များတွင် မဝင်ရဲကြဘဲ ညအချိန်မှသာ တိတ်တိတ်လေးဝင်ကြသည်။ သူတို့ကိုဆန့်ကျင်သူဟုသတ်မှတ်လျှင် ရွာပြင်သို့ ခေါ်ထုတ်သွားကြပြီး အသက်ဇီဝိန်ကို ချုပ်ငြိမ်းစေခဲ့သည်။

သရက်တောင်ရွာမှာ အညိုရောင်နယ်မြေအဖြစ်သတ်မှတ်ထားသောနေရာဖြစ်၍ စာသင်ကျောင်းဖွင့်ခွင့်ရနေခြင်းဖြစ်သည်။ ကျွန်တော် ရွာလယ်ဇရပ်ကြီးအနီးတွင် "အားသစ်လူငယ်စာဖတ်အသင်း" ဖွဲ့စည်းကာ စာကြည့်တိုက်ကို ဖွင့်လှစ်တည်ထောင်လိုက်ခြင်းသည် ကျွန်တော့်အတွက် ဗကပဆန့်ကျင်သူစာရင်းဝင်ခဲ့ပြီမို့ ကျီးလန့်စာစားဘဝဖြင့် သွားသတိ၊ စားသတိနေရသောအခြေအနေမျိုးဖြစ်ပေသည်။

"အဲဒီကောင်လေးကိုဖမ်းမိရင် သေနတ်နဲ့ပစ်မသတ်ဘူး၊ ကျည်ကုန်တယ်၊ ဓားမြှောင်နဲ့ထိုးမသတ်ဘူး၊ လက်ညောင်းတယ်၊ သူဖွင့်ထားတဲ့စာကြည့်တိုက်ထဲထည့်ပြီး ကောက်ရိုးပုံပြီး မီးရှို့သတ်မယ်"

ဗကပတို့၏ရာဇသံက ပြင်းလှသည်၊ ဘဝအကြောင်း တရားပါပဲ။ ဗုဒ္ဓဟောကြားခဲ့သည့်အတိုင်း မမေ့မလျော့သော သတိနဲ့ဆင်ခြင်နေရုံမှတစ်ပါး အခြားမရှိပြီ။

● ● ● ● ● ● ●

လကွယ်ည သန်းခေါင်ယံအချိန်မို့ နွေညပေမယ့် ငွေလက ရွှန်းရွှန်းမြမြမသာနိုင်။ မိုးသားကောင်းကင်ပြင်တွင် တိမ်မည်းညိုတွေ ဟိုနားဒီနားခိုတွဲနေရာယူထားကြသဖြင့် ကြယ်ရောင်လေးတွေတောင် ပြိုးပြိုးပြက်ပြက်မလင်းလက်နိုင်ရှာကြ။

"ဆရာဘညွန့်ရေ ဆရာဘညွန့်"

အသံရှင်ကို ကျွန်တော်ကောင်းကောင်းသိသည်။ ရွာပြင်ကွင်းစပ်တွင်နေသော ကိုကျော်ဖြူအောင်၏အသံ။ ကျွန်တော်နဲ့ဆို ညီလိုအစ်ကိုလိုခင်သည်။ ကျွန်တော့်မှာ အားအားရှိလျှင် ကျော်ဖြူအောင်တို့အိမ်ဘက်ကို သွားလည်သည်။ တစ်ခါတလေ သူတို့နဲ့ ကဏန်းချိတ်၊ ဖားရိုက်လိုက်သည်။ ကျော်ဖြူအောင်အသံကြား၍ ကျွန်တော်စာဖတ်ခြင်းကိုရပ်လိုက်သည်။ ချက်ချင်းတံခါးဝနားသို့သွားပြီး တံခါးကိုအလျင်စလိုဖွင့်လိုက်သည်။ ကျော်ဖြူအောင်မှာ တံခါးပေါက်နားရောက်နေပေပြီ။

"မြန်မြန်ဆင်း မြန်မြန်ဆင်း၊ ပြောက်ကျားတွေ ရွာထဲဝင်လာကြပြီ"

"ဟိုက်"

ကျွန်တော် အိမ်ပေါ်ကနေ တစ်ဟုန်ထိုးပြေးဆင်းခဲ့လေပြီ။ ရွာလမ်းမကြီးအတိုင်း လျှောက်မပြေးရဲ။ ကတ်သီးကတ်သတ်လမ်းကြားတွေဘက်ဝင်ပြေး၏။ နွေရာသီမို့ ခနိချပ်ပုံတွေက အိမ်နားတိုင်းတွင်ရှိကြပေရာ ခနိချပ်ပုံတွေကြားကို အကာအကွယ်ယူပြီး ပြေး၏။ နောက်ဆုံး ဘုန်းတော်ကြီးကျောင်းနှင့် လူနေရပ်ကွက်အစပ် အိမ်ပြိုအိမ်ဟောင်းသေးသေးလေးတစ်လုံးထဲ ဝင်ပုန်းနေလိုက်၏။ ကျွန်တော်သည် အသက်ပြင်းပြင်းရှူထုတ်ကာ ငုတ်တုတ်ကလေးထိုင်နေလိုက်သည်။ ရင်ဘတ်ကြီးတစ်ခုလုံး တဒိန်းဒိန်းခုန်နေပေ၏။

"ဂီး ဂီး ဂီး ဂီး"

ညဥ့်ငှက်တစ်ကောင်၏ အော်မြည်သံက ကျွန်တော့်ကို ပိုပြီးချောက်ချားစေသည်။ ရွာလမ်းမဘက်ကလူတွေ တိုးတိုး တိုးတိုးပြောပြီး လျှောက်သွားနေကြသံကိုလည်း ကြားရသည်။

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

ခွေးတစ်ကောင် ဆီးဟောင်သံ ကြားလာရပြန်သည်။

"တောက်"

တောက်ခေါက်သံတစ်ချက် ညဥ့်ယံကို ထွင်းဖောက်မြည်ဟည်းသွားသည်။

"ခလွတ် ခလွတ် ခလွတ် ခလွတ်"

သိပ်မကြာ သစ်ရွက်ခြောက်တွေကို ဖိနင်းပြီး ဝင်ရောက်လာသော ခြေသံတစ်စုံက စိုးမိုးလာသည်။ ခြေနင်းသံမှာ ကျွန်တော်ခိုအောင်းနေရာဘက်သို့ လျှောက်လာသံဖြစ်၍ ကျွန်တော် ဆောက်တည်ရာမရတော့ပေ။ ရင်ခုန်နှုန်းက ခပ်ပြင်းပြင်း ဆောင့်ကန်နေပေ၏။ အိမ်ပေါ်ကပဲ ဆင်းပေးရမလား၊ တိတ်တိတ်လေးပဲဆက်နေရမလား ကျွန်တော်ဝေခွဲမရ။

"ခလွတ် ခလွတ် ခလွတ် ခလွတ်"

ခြေသံမှာ ပိုမိုနီးကပ်လာသည်။ ကျွန်တော့်မှာ အိမ်ထဲမှထွက်ပြေး၍ မလွတ်မှန်းသိလိုက်မိပေပြီ။ ကြံရာမရသည့်အဆုံး ရရာစောင်ပိုင်းကိုဆွဲပြီး ခေါင်းမြီးခြုံထားလိုက်တော့သည်။ ကျွန်တော့်အတွက် မထူးတော့ပြီ။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။ ဟော ခြေသံက အိမ်ပေါ်ရောက်လာခဲ့ပေပြီ။ ကျွန်တော့်တစ်ကိုယ်လုံး တုန်နေရုံမက ခြုံထားသောစောင်ပိုင်းကြီးပါ နတ်ဝင်သလို ဖြစ်နေခဲ့ပေပြီ။ ရင်ဘတ်ကြီး တဒုန်းဒုန်းခုန်နေ၏။ ဒုက္ခတော့ ရောက်ကြပြီထင်ရဲ့။

"ဟေ့ . . . ဘယ်သူလဲ"

လက်နှိပ်ဓာတ်မီးရောင်ကြီး ကျွန်တော့်ကိုယ်ပေါ်သို့ ကျရောက်နေပေပြီ။ ကျွန်တော် စောင်ကိုခွာမကြည့်ရဲ။ လှုပ်ရဲမလား ကျွန်တော် သေဘေးကြုံနေခဲ့ပြီလေ။

"ဟေ့ ဘယ်သူလဲ"

မေးမြန်းစူးစမ်းသံက ဒုတိယအကြိမ် ခပ်ကျယ်ကျယ်ပေါ်လာပြန်သည်။

"ကြာတယ်ကွာ ကဲ"

စိတ်မရှည်ဟန်အသံကြီးနဲ့အတူ ကျွန်တော့်ခန္ဓာကိုယ်ပေါ်ကစောင်ကို ဆွဲခွာခြင်းခံလိုက်ရပေပြီ။ **ဆက်လက်ဖော်ပြပါမည်။**

## ကြံခင်းမြို့နယ်၌ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အသိပညာပေးပြပွဲများကျင်းပ

ကြံခင်း နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အနာဂတ်မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်စုံစေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်နှင့် ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်အသိပညာပေးပြပွဲများကို နိုဝင်ဘာလ ၅ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေသန္တာနှင်းက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးက ဆရာကြီးမင်းသုဝဏ်၏ ကဗျာများဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချေ့တာသုံးစွဲရေးဆိုင်ရာအသိပညာပေး

ပခုက္ကူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ရေချေ့တာသုံးစွဲရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို နိုဝင်ဘာလ ၄ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါအသိပညာပေးနံရံကပ်စာစောင်တွင် လူကုန်ကူးမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းနှင့်ရည်ရွယ်ချက်များ၊ လူကုန်ကူးမှုအမျိုးအစားများနှင့် အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးမှုပြုလုပ်သူများအား အရေးယူနိုင်သည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းလမ်းများနှင့် ရေချေ့တာသုံးစွဲရေးဆိုင်ရာ အသိပညာပေးစာစောင်များ၊ ဆောင်ပုဒ်များနှင့်ကာတွန်းရုပ်ပြပုံများ ပြသထားရာ ပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ နေ့ထူးနေ့မြတ်ဆိုင်ရာအကြောင်းအရာများ၊ နိုင်ငံတော်အစိုးရ၏တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို လစဉ်ပုံမှန်ပြောင်းလဲပြသပေးလျက်ရှိကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# ရသာခြောက်ပါးနှင့် တွဲဖက်မစားသင့်သော အစားအစာများ

လူ့ခန္ဓာကိုယ်ကို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ရာ ထိုဓာတ်ကြီးလေးပါး ခန္ဓာကိုယ်တွင်း ညီညွတ်မျှတနေမှသာ ကျန်းမာသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယင်းဓာတ်ကြီးလေးပါးညီမျှရန် အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါး ရသာခြောက်မျိုးဂုဏ်သတ္တိရှိသော အစားအစာတို့ကို လိုက်လျောညီထွေစွာ စားသုံးတတ်ရန်လိုသည်။ ရသာခြောက်ပါးအနက် ရသာတစ်မျိုးချင်းစီတွင် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ကိုယ်ပိုင်ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားသော်လည်း အကယ်၍ ဓာတ်မတည့်သော ရသာတချို့ကို တွဲဖက်စားမိပါက အကြောတက်၊ မူးဝေ၊ ရင်ပူ၊ အော့အန်တတ်ပြီး အခန့်မသင့်ပါက အသက်အန္တရာယ်ပါဖြစ်စေနိုင်သည်။ သို့ပါ၍ ရသာခြောက်ပါးနှင့် တွဲဖက်မစားသင့်သော အစားအစာများကို အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ပါသည်။

**''ချိုဆိမ့်သောအရသာမှာ ပထဝီနှင့်အာပေါဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ချိုဆိမ့်သောအရသာကို စားသုံးခြင်းဖြင့် ရေငတ်၊ မူးဝေ၊ အဆိပ်သင့်၊ ပူလောင်ခြင်း ဝေဒနာတို့ကို သက်သာပျောက်ကင်းစေသည်။ ယင်းအရသာကို လွန်ကဲစွာစားသုံးမိပါက အသံပျက်၊ ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ်၊ အဖျား၊ လိပ်ခေါင်း၊ ဆီးလွန်၊ ဆီးချို၊ သွေးချို စသည့်ရောဂါများ ခံစားရနိုင်သည်။ ထိုအခြေအနေမျိုးတွင် ဖြေဆေးအဖြစ် အစပ်အရသာကို စားသုံးပေးရပါမည်. . .''**

## ချိုဆိမ့်သောအရသာ

ချိုဆိမ့်သောအရသာမှာ ပထဝီနှင့် အာပေါဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ချိုဆိမ့်သောအရသာကို စားသုံးခြင်းဖြင့် ရေငတ်၊ မူးဝေ၊ အဆိပ်သင့်၊ ပူလောင်ခြင်း ဝေဒနာတို့ကို သက်သာပျောက်ကင်းစေသည်။

ယင်းအရသာကို လွန်ကဲစွာစားသုံးမိပါက အသံပျက်၊ ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ်၊ အဖျား၊ လိပ်ခေါင်း၊ ဆီးလွန်၊ ဆီးချို၊ သွေးချို စသည့်ရောဂါများ ခံစားရနိုင်သည်။ ထိုအခြေအနေမျိုးတွင် ဖြေဆေးအဖြစ် အစပ်အရသာကို စားသုံးပေးရပါမည်။

## ချဉ်သောအရသာ

ချဉ်သောအရသာမှာ ပထဝီနှင့်တေဇောဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ချဉ်သောအရသာကို စားသုံးခြင်းဖြင့် အစာမကြေ၊ လေရောဂါနှင့် ဝမ်းချုပ်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ ယင်းအရသာကို လွန်ကဲစွာစားသုံးမိပါက ပျို့အန်၊ ရေငတ်၊ မူးဝေ၊ အဖျားနှင့် မျက်စိရောဂါတို့ ခံစားရနိုင်သည်။ ထို့ပြင် လူကို ပိန်စေခြင်းနှင့် ဝမ်းပျက်၊ ဝမ်းလျှောခြင်းတို့ ဖြစ်စေနိုင်သည်။ ချဉ်သောအရသာကို လွန်ကဲစွာစားမိပါက ဖြေဆေးအဖြစ် အဖန်အရသာကို စားသုံးပေးရပါမည်။

## ငန်သောအရသာ

ငန်သောအရသာမှာ အာပေါနှင့် တေဇောဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ငန်သောအရသာကို စားသုံးခြင်းဖြင့် ဆီး၊ ဝမ်း၊ လေမှန်ခြင်း၊ ချွေးထွက်ခြင်း၊ အစာကြေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။ ယင်းအရသာကို လွန်ကဲစွာ စားသုံးမိပါက ဖောရောင်၊ သွေးတိုး၊ လေဖြတ်လေငန်း၊ ဆံပင်ကျွတ်၊ ရေငတ်၊ လည်ချောင်းကွဲ၊ မူးဝေခြင်းတို့ကို ဖြစ်စေသည်။ ငန်သောအရသာကို လွန်ကဲစွာစားမိပါက ဖြေဆေးအဖြစ် အခါးအရသာကို စားသုံးပေးရပါမည်။

## အစပ်အရသာ

အစပ်အရသာမှာ တေဇောနှင့် ဝါယောဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ စပ်သောအရသာကိုစားခြင်းဖြင့် အစာမကြေ၊ ဖောရောင်၊ ယားယံ၊ အနာပေါက်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ ယင်းအရသာကို လွန်ကဲစွာစားသုံးမိပါက ရေငတ်၊ အားအင်ကုန်ခန်း၊ လည်ချောင်းနာ၊ နှုတ်ခမ်းကွဲ၊ အသားအရေကွဲအက်၊ ကိုယ်ပူ၊ ပိန်စေခြင်း စသည့်ရောဂါများအပြင် မျက်ရည်နှင့် နှာရည်ထွက်ခြင်းတို့ကိုပါ ခံစားရနိုင်သည်။ စပ်သောအရသာကိုလွန်ကဲစွာစားမိပါက ဖြေဆေးအဖြစ် အချိုအရသာကို စားသုံးပေးရမည်။

## အဖန်အရသာ

အဖန်အရသာမှာ ပထဝီနှင့် ဝါယောဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ဖန်သောအရသာကိုစားခြင်းဖြင့် ကိုယ်တွင်းကိုယ်ပရှိ အနာပေါက်ရောဂါများကို သက်သာစေပြီး အနာအသားနုတက်ကာ အနာမြန်မြန်ကျက်စေသည်။ ယင်းအရသာကို လွန်ကဲစွာစားသုံးမိပါက ထိုင်းမှိုင်း၊ ရင်ဘတ်နာ၊ ဆီးဝမ်းလေချုပ်၊ ခံတွင်းခြောက်၊ ရေငတ်၊ စကားမပီ၊ အစာမကြေ စသည့်ရောဂါများအပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကိုပါ ခံစားရနိုင်သည်။ ဖန်သောအရသာကို လွန်ကဲစွာစားမိပါက ဖြေဆေးအဖြစ် အချဉ်အရသာကို စားသုံးပေးရမည်။

## အခါးအရသာ

အခါးအရသာမှာ ဝါယောဓာတ်ပါဝင်ဖွဲ့စည်းထားသည်။ ခါးသောအရသာကို စားခြင်းဖြင့် လေနိုင်ခြင်း၊ သွေးလေညှိပေးခြင်း၊ ဆီးချိုကျစေခြင်းတို့ကို ကောင်းကျိုးပြုစေသည်။ ယင်းအရသာကို လွန်ကဲစွာစားမိပါက ခံတွင်းခြောက်၊ ခေါင်းကိုက်၊ အကြောတက်၊ ပိန်စေခြင်းတို့ကို ခံစားရနိုင်သည်။ ခါးသောအရသာကို လွန်ကဲစွာစားမိပါက ဖြေဆေးအဖြစ် အငန်အရသာကို စားသုံးပေးရမည်။

## ရသာခြောက်ပါးနှင့် တွဲဖက်မစားသင့်သော အစားအစာများ

ရသာခြောက်ပါးနှင့်တွဲဖက်မစားသင့်သောအစားအစာများမှာ တညင်းသီးနှင့်မှို၊ ပျားရည်နှင့် သြဇာသီး၊ ချောကလက်နှင့် ပဲမြစ်၊ ကြောင်လျှာသီးနှင့် ပဲဒလက်၊ ငှက်ပျောသီးနှင့် နို့အေးချောင်း၊ ဆင်တုံးမနွယ်နှင့် ပျားရည်၊ ဝက်သားနှင့် ဒေါင်းသား၊ ကြက်ဟင်းခါးသီးနှင့် ကြက်သား၊ ဖားသားနှင့်မှို၊ ငါးသေတ္တာနှင့်ထိကရုံး၊ ကြောင်လျှာသီးနှင့် ငါးသေတ္တာ၊ လယ်ကဏန်းနှင့်မှို၊ ယုန်သားနှင့်မှို၊ ရေခဲမုန့်နှင့် ချင်းသုပ်၊ ဥသျှစ်သီးနှင့် ပျားရည်၊ အမဲသားနှင့် ခရု၊ ငါးရံ့သားနှင့် ပွေးသား၊ ကွဲခေါင်းသီးနှင့် လက်ဖက်၊ ပုစွန်ချဉ်နှင့် ကိုင်းဥ၊ ခိုသားနှင့် ချင်းစိမ်း၊ ကြာရိုးကြာစွယ်နှင့် ဝက်သား၊ ပဲဒလက်နှင့် ဆိတ်သား၊ ရေငန်သီးနှင့် ကောက်ညှင်း၊ ကုလားပဲနှင့် ဒိန်ချဉ်၊ အာဒါလွတ်နှင့် ငှေသီး၊ ပုံးရည်ကြီးနှင့် ဗျိုင်းအောက်သား၊ ဆူးပုပ်ရွက်နှင့် ဝက်သား၊ မျှစ်နှင့်နို့ရည်၊ မုန်လာဥနှင့် မတ်ပဲ၊ ကြက်သားနှင့် အင်ဥ စသည့် အမျိုးအမည်များစွာရှိသည်။

အထက်ဖော်ပြပါ အစားအစာအတွဲများသည် ချက်ချင်းအကျိုးသက်ရောက်နိုင်သကဲ့သို့ အသက်အရွယ်နှင့် သက်လုံကောင်းမှုပေါ်မူတည်၍ ချက်ချင်းအကျိုးမသက်ရောက်လျှင်လည်း ကိုယ်ခံစွမ်းအားကို များစွာထိခိုက်နိုင်သောကြောင့် အတတ်နိုင်ဆုံးရှောင်ကြဉ်သင့်ပါသည်။

**ပေါက်ပေါက်**

# ကျိုက်လတ်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျိုက်လတ် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးသန်း၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ် ဒေသထွက်ကုန်စိမ်းဈေးကွက်၌ အောက်တိုဘာလ ပထမပတ်မှစ၍ ခဝဲသီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး လက်ရှိတွင် တစ်ရက်လျှင် ခဝဲသီးအလုံး ၁၈၀၀၀ မှ ၂၅၀၀၀ အထိ အရောင်းအဝယ်ရှိကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကထွက်တဲ့ ခဝဲသီးတွေကို ဒေသတွင်းဈေးကွက်အပြင် တခြားမြို့နယ်တွေကပါ ဝယ်လိုအားများနေပါတယ်။ လက်ရှိ တစ်ရက်ကို ခဝဲသီးအလုံး ၂၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ကျိုက်လတ်မြို့နယ်ရဲ့ ဒေသထွက်ကုန်တစ်ခုပါ။ ဒီဒေသကထွက်တဲ့ခဝဲသီးတွေက အရည်အသွေးလည်းကောင်းပါတယ်။ ဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ ပိုပြီးအဆင်ပြေလာပါတယ်'' ဟု ဒေါ်အေးသန်းကပြောသည်။

ကျိုက်လတ်မြို့နယ်၌ လက်ရှိ ခဝဲသီးအပါအဝင် ရာသီပေါ်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်သည့်အချိန်ဖြစ်ပြီး ခဝဲသီးများ အရောင်းအဝယ်သွက်လာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်လာကြကြောင်း သိရသည်။ **သုတကျော်**

# ကျိုက်ထိုမြို့နယ် မူလွန်(ဘူတာ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုငယ်ရေးရာ ဟောပြောပွဲကျင်းပ



ကျိုက်ထို နိုဝင်ဘာ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတတိုးပွားလာစေရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၅ ရက်တွင် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း (ဘူတာ) ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် ကျောင်းစာအပြင် ပြင်ပစာပေများကိုပါ ဖတ်ရှုလေ့လာကြရန် ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုခြင်းများ ယှဉ်ပြိုင်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ (ICWA)၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာလ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

(သတင်းစဉ်)

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation Report ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၅**

ဆဋ္ဌမအကြိမ် ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (BAGAN COM) အစည်းအဝေးကို ယနေ့တွင်နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံနှင့် ပုဂံဒေသအမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (BAGAN COM) အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံရှေးဟောင်းအမွေအနှစ်ဒေသတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၂၇ ခုရှိကြောင်း၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသနှင့်ပတ်သက်သည့် State of Conservation Report ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမတိုင်မီ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြနိုင်ရေးနှင့် တိုးပွားလာသည့်လူဦးရေအတွက်မပြီးပြတ်သေးသည့် Conceptual Regional Plan ကိုလည်း ပြီးပြတ်အောင်ဆက်လက်ရေးဆွဲရန် ယခုအစည်းအဝေးတက်ရောက်လာသူများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ဆောင်ရွက်နေမှု၊ ရွှေစည်းခုံစေတီတော် Master Plan ရေးဆွဲနိုင်ရေး ဆောင်ရွက်နေမှု၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation Report ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြနိုင်ရေး ဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့် တန်ဖိုးမဖြတ်နိုင်သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ပြယုဂ်များကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက် ၁၉ ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ အစည်းအဝေး အမှာစာများ၊ ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေမှုများကို ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## သင်ဟာမြန်မာမဟုတ်လော

❑ မြန်မာပြည်ကြီး၊ စီးပွားတိုးတက်
အဘက်ဘက်က၊ လွန်လှပလျက်
ဗုဒ္ဓအမွေ၊ စေတီအများ
ဘုရားကျောင်းကန်၊ ဝိုင်းရံတည်ထား
စက်ရုံများနှင့်၊ စည်ကားလျက်ရှိ
သင်မသိသလော...
ဒေါသအမှောင်၊ လောဘဆောင်ပြီး
တို့ပြည်ကြီးကို၊ ပျက်စီးစေကြောင်း
မကောင်းမှုမျိုး၊ ဗွတ်တိုးလုပ်ဆောင်
ပျက်အောင်ဖျက်ဆီး၊ ဒေါသကြီးနှင့်
မသင့်တော်ရာ၊ ပြုရက်ပါသည်
သင်ဟာမြန်မာ မဟုတ်သလော။

❑ အာဏာကိုင်မ်း၊ တွေးခေါ်နွမ်းဖြင့်
ပျက်လမ်းကိုပြု၊ ဘာတစ်ခုမျှ
မကောင်းရအောင်၊ သင်ကြံဆောင်နေ
ပြည်ထောင်ရှေ့ရေး၊ မတွေးမိသလော...
သင်ရောမြန်မာ ဖြစ်သည်ဟာကို။

❑ တိုင်းတစ်ပါးထု၊ အားကိုးပြုလျက်
ကျွန်သက်ရှည်ရှည်၊ သင်နေချင်သလော
မိန်းမောတွေဝေ၊ ဖြစ်မနေပါနှင့်
သင့်ပြည်ကိုသင်၊ တိုးတက်ချင်၍
ချစ်ခင်မှသာ၊ ဂုဏ်ရှိပါလိမ့်
သင်ဟာမြန်မာ မဟုတ်လော။

❑ ထလော့မြန်မာ၊ အိုမြန်မာတို့
သေချာစဉ်းစား၊ တို့ပြည်အားကို
သူများလက်အောက်၊ မကျရောက်ဘဲ
အမြဲစည်ပင်၊ ကိုယ့်အင်ကိုယ့်အား
ကြိုးစားကွယ်ကာ၊ ပြုလေပါမှ
မြန်မာဂုဏ်ရောင်၊ ထွန်းဝင်းပြောင်မည်
အမောင်မြန်မာ မဟုတ်လော။ ။

ဘိုမျိုး(ရွှေဘို)

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) အမှတ်စဉ် - ၄၄ သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) အမှတ်စဉ်–၄၄ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုသင်တန်းသည် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများအတွက် အခြေခံကောင်းများရရှိစေမည် သာမက စာရင်းပညာရှင် (လက်မှတ်ရပြည်သူ့စာရင်းကိုင်–CPA) အဖြစ် ဆက်လက်လျှောက်လှမ်းနိုင်မည့် သင်တန်းတစ်ခုလည်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်သင်တန်းကျောင်းတွင် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၆၄ ဦးနှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၄၃ ဦး စုစုပေါင်း သင်တန်းသား ၁၀၇ ဦးတို့ကို ဘာသာရပ် ၆ ခုဖြင့် ၁၀ လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် မဲရုံများစတင်ဖွင့်လှစ် နယူးဟမ့်ရှိုင်းယားပြည်နယ်က အစောဆုံးမဲပေးခွင့်ရ

**ဒစ္စဗေးနော့၊ ပြည်တွင်းရေး**

အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာလ ၅ ရက်နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ နယူးဟမ့်ရှိုင်းယားပြည်နယ်မှပြည်သူများက အစောဆုံး မဲပေးခွင့်ရရှိကြောင်းသိရသည်။

နယူးဟမ့်ရှိုင်းယားပြည်နယ်ရှိ ဒစ္စဗေးနော့မြို့ငယ်လေးမှ မဲပေးခွင့်ရှိသူပြည်သူ ခြောက်ဦးက မိရိုးဖလာထုံးတမ်းစဉ်လာအရ နိုဝင်ဘာလ ၄ ရက် ညသန်းခေါင်ယံနောက်ပိုင်းတွင်မဲပေးကြသည်။ ထိုခြောက်ဦး၏မဲပေးမှုရလဒ်တွင် ကမ်မလာဟဲရစ်နှင့် ဒေါ်နယ်ထရမ့်တို့က တစ်ဖက်လျှင် သုံးမဲစီဖြင့် ညီတူညီမျှရှိနေသည်ကိုမြင်တွေ့ရသည်။

ယခုရွေးကောက်ပွဲတွင် ဆူပူအုံကြွမှုများ၊ ပဋိပက္ခများဖြစ်လာနိုင်သည့်အခြေအနေအတွက် လုံခြုံရေးတင်းကျပ်စွာချထားခြင်းဖြင့် မဲရုံများကိုဖွင့်လှစ်လာခြင်းဖြစ်သည်။ အဆိုပါလုံခြုံရေးအစီအမံများတွင် မဲရေတွက်သည့်နေရာများကို ကာကွယ်နိုင်ရေးအတွက် ခေါင်မိုးပေါ်၌ လက်ဖြောင့်သေနတ်သမားများကို နေရာချထားမှုအထိပါဝင်သည်။

ထို့ပြင် မဲရုံဝန်ထမ်းများအတွက်အရေးပေါ်ခလုတ်များကိုလည်း တပ်ဆင်ပေးထားသည်သာမက မဲရုံများအပေါ်၌ ကင်းထောက်ဒရုန်းများက အဆက်မပြတ်ပျံဝဲလျက်ရှိသည်။

လက်ရှိတွင် ကြိုတင်မဲပေးသူများနှင့် စာအိတ်မဲပေးသူအရေအတွက်စုစုပေါင်း ၈၂ သန်းကျော်အထိရှိထားကြောင်း ဖလော်ရီဒါတက္ကသိုလ် ရွေးကောက်ပွဲသုတေသနဌာနက အောက်တိုဘာလ ၄ ရက်ညပိုင်းတွင်ထုတ်ပြန်ထားသည်။

Ref: Xinhua




# အသုံးပြုသူအချက်အလက်များ တရားမဝင်စုဆောင်းသည့်ဖေ့စဘွတ်ကို တောင်ကိုရီးယားက ဝမ် ၂၁ ဒသမ ၆ ဘီလီယံဒဏ်ရိုက်

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံမှ ဖေ့စဘွတ်လူမှုကွန်ရက်ကိုအသုံးပြုနေသူ တစ်သန်းနီးပါးထံမှ အသုံးပြုသူအချက်အလက်များ တရားမဝင်စုဆောင်းရယူသည့် မတ်တာကုမ္ပဏီကို တောင်ကိုရီးယားက နိုဝင်ဘာလ ၅ ရက်တွင် ဝမ် ၂၁ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ သန်း) ဒဏ်ရိုက်လိုက်ကြောင်းသိရသည်။

ထို့ပြင် မတ်တာကုမ္ပဏီအနေဖြင့် အထိအခိုက်မခံသောသတင်းအချက်အလက်များရယူအသုံးပြုရေး၊ ဘေးကင်းစိတ်ချရမှုဆိုင်ရာဆောင်ရွက်ချက်များ အကောင်အထည်ဖော်ရေး၊ အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို ရယူမည်ဆိုပါက ကာယကံရှင်များ၏သဘောတူညီချက်ရယူရေးတို့အတွက် မြေပြင်တွင်အဖွဲ့များ ဖွဲ့စည်းသွားရန်လည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မတ်တာကုမ္ပဏီသည် အသုံးပြုသူများ၏အချက်အလက်များကိုတရားဝင်ရယူပြီး အခပေးကြော်ငြာသူများအတွက် အဆိုပါအချက်အလက်များကိုအသုံးပြုလျက်ရှိကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများကပြောသည်။

Ref: RTA




# အင်ဒိုနီးရှားရှိ လီဝိုတိုဘီလာကီလာကီမီးတောင် ထပ်မံပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ လီဝိုတိုဘီလာကီလာကီမီးတောင်သည် နိုဝင်ဘာလ ၄ ရက်တွင်ပေါက်ကွဲမှုကြောင့် လူ ၁၀ ဦးသေဆုံးပြီးနောက် နိုဝင်ဘာလ ၅ ရက်တွင်လည်း ထပ်မံပေါက်ကွဲမှုဖြစ်ပွားသည်။

ယခုတစ်ကြိမ်မီးတောင်ပေါက်ကွဲမှုမှ မီးတောင်ပြာများသည် ကောင်းကင်ပေါ်သို့ ၁ ကီလိုမီတာအထိရောက်သော်လည်း လက်ရှိတွင် လူပျောက်ဆုံးမှုနှင့်သေဆုံးမှုများမရှိသေးကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

တာဝန်ရှိသူများသည် ပထမအကြိမ်မီးတောင်ပေါက်ကွဲစဉ်ကတည်းက အမြင့်ဆုံးအဆင့်သတိပေးချက်ထုတ်ပြန်ထားကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အတွက် ယခုတစ်ကြိမ်မီးတောင်ပေါက်ကွဲမှုတွင် လူသေဆုံးမှုမရှိခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများကပြောသည်။

ပထမအကြိမ်မီးတောင်ပေါက်ကွဲမှု၌ မီးတောင်ပြာများသာမက ကျောက်တုံးများမှာလည်း နေအိမ်ခေါင်မိုးများအပေါ် ကျရောက်ကြောင်းသိရသည်။ Ref: RTA

## ရွေးကောက်ပွဲသတင်းတိုကဏ္ဍ

# ထိုင်းမှရေပန်းစားနေသော ရေမြင်းလေး မူးဒန်က ဒေါ်နယ်ထရမ့်အနိုင်ရမည်ဟု ခန့်မှန်းပေး

ထိုင်းနိုင်ငံ၌ ရေပန်းစားလျက်ရှိသော ရေမြင်းလေးမူးဒန်က အမေရိကန်သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း ဒေါ်နယ်ထရမ့်အနိုင်ရရှိမည်ဟု ခန့်မှန်းပေးလိုက်ကြောင်းသိရသည်။

ချွန်ဘူရီတိရစ္ဆာန်ရုံရှိ ရေမြင်းလေး မူးဒန်ကိုထိန်းသိမ်းစောင့်ရှောက်နေသူများက နိုဝင်ဘာလ ၄ ရက်တွင် ဖရုံသီးကိုထက်ခြမ်းခြမ်းကာ တစ်ခြမ်းစီတွင်နဂါးမောက်သီးများ၊ ပန်းသီးများနှင့် မုန်လာဥနီများထည့်ကာ တစ်ခြမ်း၌ထရမ့်၏ အမည်ကိုထွင်းထားပြီး အခြားတစ်ခြမ်း၌ ကမ်မလာဟဲရစ်၏အမည်ကိုထွင်း၍ ရေမြင်းလေးကို ရွေးချယ်ခိုင်းလိုက်ခြင်းဖြစ်သည်။

ထို့နောက် အသက်လေးလနီးပါးရှိနေပြီဖြစ်သော ရေမြင်းလေးမူးဒန်က ဒေါ်နယ်ထရမ့်၏အမည်ထွင်းထားသော ရွှေဖရုံသီးကိုရွေးချယ်ပြီးစားလိုက်ခြင်းဖြစ်သည်။ တိရစ္ဆာန်ရုံမှတာဝန်ရှိသူများက အဆိုပါရေမြင်းလေး၏ဗီဒီယိုကို လူမှုကွန်ရက်တွင် တင်လိုက်ရာ ပြည်ပမီဒီယာများအထိပျံ့နှံ့သွားခြင်းဖြစ်ကြောင်းသိရသည်။

Ref: BP

# ကြိုတင်မဲပေးသူအရေအတွက်က ကမ်မလာဟဲရစ်အတွက် ထိတ်လန့်စရာကောင်းဟု အိုဘားမား၏မန်နေဂျာပြော

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ကြိုတင်မဲပေးသူအရေအတွက်သည် ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်ကမ်မလာဟဲရစ်အတွက် ထိတ်လန့်စရာကောင်းနေသည်ဟု အိုဘားမား၏ ၂၀၁၂ ခုနှစ်မဲဆွယ်စည်းရုံးရေးမန်နေဂျာကပြောသည်။

ယခုရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီမှကိုယ်စားလှယ် ဒေါ်နယ်ထရမ့်ကိုထောက်ခံသူများသည် ပုံမှန်ထက်ပို၍ တက်ကြွနေကြသည်ကိုမြင်တွေ့ရသည်မှာ အနည်းငယ်စိုးရိမ်ဖွယ်ဖြစ်ကြောင်း အိုဘားမား၏မန်နေဂျာ ဂျင်မက်ဆီနာက ပြောထားသည်။

ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသူနှင့်စာတိုက်မဲပေးသူအရေအတွက်မှာ သန်း ၈၀ ကျော်ရှိပြီး ဒီမိုကရက်တို့ဘက်က ၄၁ ရာခိုင်နှုန်းနှင့် ရီပတ်ဘလစ်ကန်တို့ဘက်က ၃၉ ရာခိုင်နှုန်းရှိသော်လည်း ယိမ်းလွယ်ပြည်နယ်ခုနစ်ခုအနက် လေးခုတွင် ရီပတ်ဘလစ်ကန်တို့ကကြိုတင်မဲပေးထားခြင်းဖြစ်ပြီး ကွာဟမှုရာခိုင်နှုန်းလည်းများကြောင်းသိရသည်။ Ref: RT

# အိန္ဒိယတောင်ပိုင်းရှိ ကမ်မလာဟဲရစ်၏အဘိုးရွာက ဟဲရစ်ရွေးကောက်ပွဲနိုင်ရန် ဆုတောင်းပွဲကျင်းပ

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကမ်မလာဟဲရစ်၏ဘိုးဘေးရွာက ဟဲရစ်အနေဖြင့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိစေရန် ဆုတောင်းပွဲကျင်းပကြောင်း သိရသည်။

ကမ်မလာဟဲရစ်၏ အမေဘက်မှတော်စပ်သောအဘိုးမွေးဖွားရာရွာဖြစ်သည့် သုလာဆန်ဒရာပူရမ်ကျေးရွာရှိဆွေမျိုးများက နိုဝင်ဘာလ ၅ ရက်တွင် ဘုရားကျောင်းသို့သွားကာ ဟဲရစ်အတွက်ဆုတောင်းပေးခြင်းဖြစ်သည်။

ဟဲရစ်၏အဘိုးဖြစ်သည့် ပီဗီဂိုပလန်ကို ထိုကျေးရွာ၌မွေးဖွားခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ၎င်းတို့မိသားစုက ချန်နိုင်းမြို့သို့ ပြောင်းရွှေ့အခြေချ၍ အစိုးရဝန်ထမ်းအဖြစ်အလုပ်လုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် လွန်ခဲ့သောလေးနှစ်တွင် ထိုကျေးရွာက ဟဲရစ်အတွက်ဆုတောင်းမှုများပြုပေးပြီးနောက် ကမ္ဘာတစ်ဝန်းက ယင်းကျေးရွာကိုသိရှိလာခြင်းဖြစ်သည်။

ပြီးခဲ့သောလေးနှစ်ကပြုလုပ်သည့် ဆုတောင်းမှုအပြီးတွင် ဟဲရစ်သည် ဒုတိယသမ္မတအဖြစ် တင်မြှောက်ခံရကြောင်း သိရသည်။ Ref: RTA

# လူသိများထင်ရှားသူများအနေဖြင့် ဟဲရစ်ကိုလူသိရှင်ကြားထောက်ခံရန် ဖိအားပေးခံရဟုဆို

အမေရိကန်နိုင်ငံရှိ လူသိများထင်ရှားသူများအနေဖြင့် ဒီမိုကရက်တစ်ပါတီမှ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်ကမ်မလာဟဲရစ်ကို လူသိရှင်ကြားထောက်ခံပေးရန် ဖိအားပေးခံရကြောင်း နည်းပညာသူဌေးကြီး အီလွန်မက်ကပြောသည်။

အမေရိကန်ဖျော်ဖြေရေးနယ်ပယ်တွင်ရှိသည့် လူသိများထင်ရှားသူအများအပြားသည် ဟောလိဝုဒ်မှအာဏာရှိသူတစ်ဦး၏ ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိကြောင်း၊ ထိုသူက “မင်းတို့အနေနဲ့ ဟဲရစ်ကိုထောက်ခံရင် တကယ့်ကိုအကောင်းဆုံးတွေဖြစ်လာမယ်ဆိုတာ မင်းတို့သိပါတယ်” ဟု ပြောကြောင်း အီလွန်မက်က နိုဝင်ဘာလ ၄ ရက်တွင်ပြောထားသည်။

အမေရိကန်နိုင်ငံတွင် အနုပညာရှင်များက အစဉ်အလာအားဖြင့် နိုင်ငံရေးဘက်နှင့်ဆက်နွယ်လေ့ရှိသူများဖြစ်ပြီး ယခုရွေးကောက်ပွဲတွင် တေလာဆွစ်၊ လေဒီဂါဂါ၊ ရီဟာန်းနား၊ ဂျနီဖာလိုပက်နှင့် မင်းသားကြီးဟယ်ရီဆင်ဖို့အပါအဝင် နာမည်ကျော်အနုပညာရှင်များက ကမ်မလာဟဲရစ်ကိုထောက်ခံထားသည်။

Ref: RT

# တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်

နေပြည်တော် နိုဝင်ဘာ ၅

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် တရုတ် – မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ဝန်ကြီးဌာနခြောက်ခုမှဝန်ထမ်းများဖြင့်စုဖွဲ့၍ တက်ရောက်ကြမည်ဖြစ်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမှသည် ပိုမိုတိုးတက်အောင်မြင်မည့် နွေးထွေးသည့်တရုတ်–မြန်မာဆက်ဆံရေး" Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကအမှာစကားပြောကြားရာတွင် ယခု မိမိဦးစီးပြီး တရုတ်– မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးအတွက် စုစုပေါင်း အင်အား ၄၈ ဦး သွားရောက်ကြမည်ဖြစ်ရာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးအတွက် အထောက်အကူပြုမည်ဖြစ်၍ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ တရုတ်–မြန်မာ နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုနှင့် နားလည်မှုများ မြှင့်တင်နိုင်ရန်၊ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ ထူးခြားကြွယ်ဝသည့် ခရီးသွားလုပ်ငန်းအရင်းအမြစ်များကို မြှင့်တင်နိုင်ရန် ယခုကဲ့သို့ အခမ်းအနားများကျင်းပ၍ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဝန်ကြီးဌာနခြောက်ခုမှဝန်ထမ်းများက မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တရုတ် – မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်၏ ပုဂံနှင့်တွေ့ဆုံခြင်း အခမ်းအနားတို့တွင် ကပြဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်တွင် ဆွေးနွေးပြောကြားရမည့် အချက်များ၊ ဖျော်ဖြေတင်ဆက်ရမည့်အချက်များနှင့် ခင်းကျင်းပြသရမည့်အချက်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် (၄) ကြိမ်မြောက် တရုတ် – မြန်မာ Twin City မီဒီယာဖိုရမ်၏ ပုဂံနှင့်တွေ့ဆုံခြင်းအခမ်းအနားတွင် သမဝါယမနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာယွန်းထည်များနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသမည့် ခရီးသွားရှုခင်းဓာတ်ပုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ စီစဉ်ကျင်းပမည့် ၂၀၂၄ ခုနှစ် တရုတ် – မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ခုနစ်ဦး စုစုပေါင်း ၄၈ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း၊ တရုတ် – မြန်မာ စိုက်ပျိုးရေးအရည်အသွေးသစ် ကုန်ထုတ်စွမ်းအင် တီဗွီအစီအစဉ်အတူတကွဖန်တီးရေး၊ မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ် – မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ် ဂန္ထဝင်စာပေများ အပြန်အလှန်ဘာသာပြန်ဆိုထုတ်ဝေရေး၊ တရုတ် – မြန်မာ ခရီးသွားထွက်ကုန်မိတ်ဆက်ခြင်း၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်ကြမည့်အပြင် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ့ရိုးရာအကအလှနှင့် ရုပ်သေးအကတို့ဖြင့် တင်ဆက်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ရာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်သဘောပေါက်မှုများ ပိုမိုတိုးမြှင့်စေပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မြဲစေရန်အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၁၂)သို့တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်



နေပြည်တော် နိုဝင်ဘာ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ငါးနှစ်သင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား၊သင်တန်းသူများအားတွေ့ဆုံ အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများကိုရွေးချယ်ရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အမှတ်ပြည့်မီသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့်ကိုက်ညီသော တိုင်းရင်းသား၊ တိုင်းရင်းသူများကို လူတွေ့စစ်ဆေး အတည်ပြုရွေးချယ်ခြင်းများ ဆောင်ရွက်ကြသည်။

၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီက မြန်မာနိုင်ငံတစ်ဝန်းရှိ နယ်စပ်ဒေသများမှ သင်တန်းသား၊ သင်တန်းသူ ၁၅၁ ဦးအား ပညာရေးဘွဲ့ (B.Ed) ငါးနှစ်သင်တန်း အတွက် စိစစ်အတည်ပြုရွေးချယ်ထားသည့် သင်တန်းသား၊ သင်တန်းသူများအား ငါးနှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ပညာရေးဘွဲ့(B.Ed) အပ်နှင်းကာ အထက်တန်းပြ ဆရာ၊ ဆရာမများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းရင်းဆေးပညာလေ့ကျင့်သင်ကြားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

တိုင်းရင်းဆေးပညာလေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ယနေ့ကျင်းပမည့်ဆွေးနွေးပွဲတွင် ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်း ဖြစ်ထွန်းလာစေရေး၊ ပညာရေးဝန်းကျင်ကောင်း ရရှိရန်လိုအပ်သော စာသင်ခန်း၊ စာကြည့်တိုက်၊ သုတေသနဓာတ်ခွဲခန်း၊ အိုင်တီအထောက်အကူနှင့် တိုင်းရင်းဆေးဥယျာဉ်ဖွံ့ဖြိုးရေး၊ နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများနှင့်ပတ်သက်၍ အရည်အသွေးအာမခံမှုနှင့် အသိအမှတ်ပြုမှုရရှိရေးတို့ကို စနစ်တကျဆွေးနွေးအဖြေရှာသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်း၊ တိုင်းရင်းဆေးတက္ကသိုလ်နှင့် နှီးနွှယ်တက္ကသိုလ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ခုတင်-၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာန မန္တလေးပြည်သူ့ဆေးရုံကြီးနှင့်ခုတင်-၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူနာများ လက်ခံကုသနိုင်ရေး ဆေးဝါးလိုအပ်ချက်အပါအဝင် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါလူနာဆောင်သို့ သွားရောက်ကာ လူနာများ ဆေးကုသနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)

## ရန်ကုန်အထိုင်လက်ကား မြေသြဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားဈေးနှုန်းအဖြစ် ၁-၁၁-၂၀၂၄ ရက်နေ့မှ ၃၁-၁၂-၂၀၂၄ ရက်နေ့အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယားမြေသြဇာ(အလုံးကြီး)၅၀ ကီလိုတစ်အိတ် ၉၇,၀၀၀ ကျပ်
(ခ) Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၂၄,၀၀၀ ကျပ်
(ဂ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၃၇,၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေသြဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်လက်ကား ဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၂
(ခ) MFSPEA အသင်း ၀၉-၈၈၈၅၃၉၃၆၀

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**




### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၃၈)၊ ဦးပိုင်အမှတ်(၅၇) ဦးညိုဒုတ်အမည်ပေါက် (အလျား ၁၇'-၀" x အနံ ၃၄'-၀")ဝိုင်းမြေတွင် ဦးတိုး (၉/မခန(နိုင်)၀၅၁၀၈၈) ကိုင်ဆောင်သူမှ (အလျား ၁၄'-၀" x အနံ ၂၁'-၀") ဝါးထရံသွပ်မိုး(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄-က)စွန်လွန်းရပ်၊ ဦးပိုင်အမှတ်(၂၄၄/ခ) ဦးလှမော်အမည်ပေါက်(အလျား ၃၀'-၀" x အနံ ၄၃'-၀")ဝိုင်းမြေပေါ်တွင်ဒေါ်ဆူဇန်မိုး (၉/မခန(နိုင်)၂၉၇၉၀၀)ကိုင်ဆောင်သူမှ (အလျား ၂၄'-၀" x အနံ ၃၀'-၀") Iron Frame (၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉-ခ) ပူစနက်ကျင်း၊ ဦးပိုင်အမှတ်(၃၅/ဃ) ဒေါ်တင် အမည်ပေါက် (အလျား ၂၄'-၀" x အနံ ၆၀'-၀")ဝိုင်းမြေပေါ်တွင် ဦးကျော်ကျော်လှိုင် (၉/မခန(နိုင်)၀၃၁၈၈၇)ကိုင်ဆောင်သူမှ (အလျား ၈၄'-၀") အရှည် ဝင်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၃)၊ ပုလဲငွေရောင်လမ်း၊ အရှေ့လားသော် ဦးချစ်သိန်းနေအိမ်၊ အနောက်လားသော် လမ်း၊ တောင်လားသော် ဦးမြင့်ဝင်း နေအိမ်၊ မြောက်လားသော် ဦးတေဇ နေအိမ်၊ ၎င်းအလား(၄)ရပ်အတွင်းရှိ မြေကွက်တွင် ဒေါ်မြင့်ရီ (၉/မထလ(နိုင်)၁၁၈၂၉၃) ကိုင်ဆောင်သူမှ (အလျား ၃၅'-၀" x အနံ ၃၅'-၀" ) RC (၁)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တိုက်ကြီးမြို့နယ်၊ မွေးမြူရေးဇုန်တွင် အသစ်တည်ဆောက်မည့် ဓာတ်အားခွဲရုံအတွက် 33 kV ကောင်းကင်ဓာတ်အားလိုင်း(၃.၉)မိုင်ခန့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၆-၁၁-၂၀၂၄) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ (၂၀-၁၁-၂၀၂၄) (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျော်ခိုင်(ဘ)ဦးဝင်း ၉/တသန(နိုင်) ၁၃၃၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 934957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၉၂၀၉၄၂

**အလိမ္မာစာမှာရှိ**

### ပျောက်ဆုံးကြောင်း

(၁၉)ရပ်ကွက်၊ ဗဟိုရိစည်လမ်း၊ အမှတ်(၅၄၀-က)နေ နေဦးလှိုင်(ဘ)ဦးအောင်လှိုင်ဦး ၁၂/လယန(နိုင်)၀၀၆၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 421857)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကောင်းလျှံကိုယ်ပိုင်မူလတန်းကျောင်း Grade-2 တွင် ပညာသင်ကြားနေသော အဘ ဦးကျော်ဇင်ထွန်း ၁၃/သနန(နိုင်)၀၃၈၁၃၈ ၏သမီး မနော်ဖောအား မဆုလင်းလက်နွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုလင်းလက်နွေး**

### ပျောက်ဆုံးကြောင်း

စုလှိုင်နှင်း(ဘ)ဦးအောင်မြင့် ၉/လဝန(နိုင်) ၂၃၅၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၇၁၄၉၂၉

### ပျောက်ဆုံးကြောင်း

မောင်သော်ဇင်ထွန်း(ဘ)ဦးစံထွန်း ၆/မမန(နိုင်)၂၁၃၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၄၄၀၆၄၅

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်၊ ကျားချောင်းရွာနေ မဖြူဖြူအေး(ဘ)ဦးမောင်သန်း ၇/ညလပ(နိုင်)၁၉၈၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### ပျောက်ဆုံးကြောင်း

နန်းလွှမ်းမိန်းအောင်(ဘ)စိုင်းသိန်းလွင် ၁၃/ကမန(နိုင်)၁၃၃၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၅၂၉၉၂၂

### ပျောက်ဆုံးကြောင်း

စိုင်းသုစံဦး(ဘ)ဦးငွေအောင် ၁၃/သပန(နိုင်)၀၆၇၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၅၂၉၉၂၂

### ပျောက်ဆုံးကြောင်း

ဖြူဖြူသန့်(ဘ)ဦးကျော်ဝင်း ၉/ရမသ(နိုင်) ၁၃၇၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 902321)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၇၂၄၂၁၇

### ပျောက်ဆုံးကြောင်း

ဆန်းမိုး(ဘ)ဦးကျော်ထင် ၁၂/သဃက(နိုင်) ၁၃၆၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၀၀၂၅၅၆

### ပျောက်ဆုံးကြောင်း

ပင်စီမောင်(ဘ)ဦးထွန်းထွန်း ၁၂/သဃက(နိုင်)၁၄၇၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၀၀၄၀၀၁

### ပျောက်ဆုံးကြောင်း

မခိုင်ဝင်းငယ်(ဘ)ဦးမောင်ဝင်း ၆/ကသန(နိုင်)၀၉၀၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၂၂၇၀၀

### ပျောက်ဆုံးကြောင်း

နီလာဝင်း(ဘ)ဦးညိုမှိုင်း ၅/ယမပ(နိုင်) ၀၈၃၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 842694)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၁၀၈၅၇

### ပျောက်ဆုံးကြောင်း

သန်းသန်းငွေ(ဘ)ဦးအောင်စိုး ၁၄/အဂပ(နိုင်)၁၂၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ခိုင်ခိုင်လွင်ထွန်း(ဘ)လှထွန်း ၁၂/သကတ(နိုင်)၀၂၀၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 823786)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၅၄၅၇၉၇

### ပျောက်ဆုံးကြောင်း

အောင်နေဝင်း(ဘ)ဦးသိန်းငွေ ၉/နထက(နိုင်)၁၆၀၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဒေါ်ဇန်ကျိန်(ဘ)ဦးချန်းဇပုစ် ၄/တတန(နိုင်)၀၃၀၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၅၆၅၇၂

### ပျောက်ဆုံးကြောင်း

နော်ခင်မာကြည်(ဘ)ဦးလှဆွမ်း ၁၂/မဘန(နိုင်)၀၁၄၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 850134)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ရှင်ကျူ(ဘ)ဦးကိုသန်းဝင်း ၁၃/နခန(နိုင်) ၀၉၂၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 050786)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၉၉၃၄၉၄

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၆/ ၃၉၁-က)နေ မသိမ့်သီရိမောင်(ဘ) ဦးမောင်မောင် ၁၂/အစန(နိုင်)၂၁၆၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၆၅၈၁၇

### ပျောက်ဆုံးကြောင်း

နေဝသုန်ကျော်(ဘ)ဦးရွှေမန်း ၈/စလန(နိုင်)၂၃၅၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 986496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

ဇော်အောင်(ဘ)ဦးဝင်း ၅/ပလန(နိုင်) ၀၈၈၈၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 052885)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၁၀၈၅၇

### ပျောက်ဆုံးကြောင်း

ဖြူးမြို့နယ်၊ အုတ်ဖြတ်အုပ်စု၊ သောင်ပုရွာနေ စုစုစံ(ဘ)ဦးလှမင်း ၇/ဖမန(နိုင်)၂၅၂၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၈၁၃၂၅၅

### ပျောက်ဆုံးကြောင်း

ညွှန့်ညွှန့်ခိုင်(ဘ)ဦးစံရင် ၉/ပဘန(နိုင်) ၁၇၈၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

မနှင်းယက်(ဘ)ဦးကျော်မြင့် ၅/ပလဝ(နိုင်)၀၄၀၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၂၁၀၈၂၃

### ပျောက်ဆုံးကြောင်း

ခင်ခင်လေး(ဘ)ဦးကြည် ၁၂/ဥကမ(နိုင်) ၀၁၈၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၄၈၇၄၃၆၃

### ပျောက်ဆုံးကြောင်း

အိအိခိုင်(ဘ)ဦးမြင့်ဆွေ ၁၂/ဗဟန(နိုင်) ၀၇၇၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း

ဖြူဖြူသင်း(ဘ)ဦးမြင့်ရွှေ ၁၂/မရက(နိုင်) ၁၁၄၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 302654)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၀၀၁၈၂၀

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ သစ်ရာအုပ်စု၊ အုတ်ရှစ်ကုန်းကျေးရွာနေ မျိုးဇော်ဦး(ဘ) ဦးခင်မောင်ရီ ၈/တတက(နိုင်)၂၄၉၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 048293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၁၈၆၈၅

### ပျောက်ဆုံးကြောင်း

ဇော်ဆန်းလင်း(ဘ)ဦးတေ ၉/တသန(နိုင်) ၁၅၁၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 711606)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

ချစ်စန်းအောင်(ဘ)ဦးငွေညွန့် ၅/ယမပ(နိုင်)၁၂၈၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 842693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၁၀၈၅၇

### ပျောက်ဆုံးကြောင်း

နန်းလောင်ဆိုင်(ဘ)ဦးအိုက်ထဲန်း ၁၃/မဖန(နိုင်)၀၂၀၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၅၉၉၈၈

### ပျောက်ဆုံးကြောင်း

ခင်ဆွေခိုင်(ဘ)ဦးဟံတင် ၅/ယမပ(နိုင်) ၀၈၅၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 052909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၁၀၈၅၇

### ပျောက်ဆုံးကြောင်း

မြသက်မွန်(ဘ)ဦးတင်ထွန်း ၁၂/ဒဂရ(နိုင်) ၀၂၉၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၅၂၉၉၂၂

### ပျောက်ဆုံးကြောင်း

ဇေယျာလင်း(ဘ)ဦးနိုင်ဦး ၉/ပမန(နိုင်) ၂၉၂၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဦးမောင်မောင်(ဘ)ဦးသော်ဇံတရော် ၁၁/မဥန(နိုင်)၀၃၆၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 346415)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၅၀၀၇၁၅

### ပျောက်ဆုံးကြောင်း

ကျော်မင်းထွန်း(ဘ)ဦးအောင်ထွန်း ၇/ဇကန(နိုင်)၀၄၇၇၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 250299)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၅၆၄၄၁၆

### ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ခတ်ချိုကွင်းရွာနေ နော်အယ်ဒါးထူး(ဘ)စောထွေးလွင် ၇/ကတခ(နိုင်)၂၁၄၁၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၇၀၂၀၆၁၃

